မြန်မာနိုင်ငံရှေ့နေများကောင်စီ
Burma Lawyers' Council
PO Box 144, Mae Sod Post Office, Tak Province 63110, Thailand. Tel / Fax (66) (055) : 542 910,
E-mail : blcsan@ksc.th.com, Website : www. blc-burma.org

# နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေကို ပြင်ဆင်သည့်ဥပဒေ (၂၀၁၁ ခုနှစ်၊ ပြည်ထောင်စု လွှတ်တော် ဥပဒေအမှတ် ၁၁) ကို ဆန်းစစ် သုံးသပ်ချက်

၁။ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေကို ပြင်ဆင်သည့်ဥပဒေ (၂၀၁၁ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် – ၁၁) ကို ၂၀၁၁ ခုနှစ်၊ နိုဝင်ဘာလ ၄ ရက်နေ့က ပြဋ္ဌာန်းခဲ့သည်။

၂။ အဆိုပါဥပဒေ၌ ဤပြင်ဆင်သည့် ဥပဒေပုဒ်မ ၄ တွင် – နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၁၂ (က)(၁) တွင် အောက်ပါ ရှင်းလင်းချက်ကို ဖြည့်စွက်ရမည်။

**“ရှင်းလင်းချက်”**။ ။ လွှတ်တော်သက်တမ်း တစ်ရပ်စီအတွက် အထွေထွေရွေးကောက်ပွဲ ကျင်းပပြီးသည့် နောက်ပိုင်းတွင် မှတ်ပုံတင်ခွင့်ရရှိသော ပါတီသည် ယင်းလွှတ်တော်သက်တမ်းအတွင်း ကျင်းပပြုလုပ်သော ကြားဖြတ်ရွေးကောက်ပွဲများ၌ ဝင်ရောက်ယှဉ်ပြိုင်မှုမပြုနိုင်လျှင်ဖြစ်စေ၊ မဲဆန္ဒနယ် သုံးနယ်ထက်မနည်း ကျင်းပပြုလုပ်သော ကြားဖြတ်ရွေးကောက်ပွဲများ၌ အနည်းဆုံး မဲဆန္ဒနယ်သုံးနယ်အတွင်း ဝင်ရောက်ယှဉ်ပြိုင်နိုင်မှုမပြုနိုင်လျှင်ဖြစ်စေ ယင်းသို့ ဝင်ရောက်ယှဉ်ပြိုင်မှု မပြုခြင်းသည် ဤပြဋ္ဌာန်းချက်နှင့် အကျုံးဝင်စေရမည် – ဟုဖော်ပြထားသည်။

ရှင်းလင်းချက်ကို နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေတွင်သာ ဖြည့်စွက်ပြီး၊ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း နည်းဥပဒေများ ပုဒ်မ ၈ နှင့် ပုဒ်မ ၂၅ ကို ပြင်ဆင်ဖြည့်စွက် ခြင်းမရှိသည်ကိုတွေ့ရသည်။ နည်းဥပဒေကိုပါ တခါတည်း ပြင်ဆင်ဖြည့်စွက်ပြီး ဖြစ်ရန်လိုအပ်ပါသည်။ အစိုးရ၏လိုအပ်ချက်ကို ဖြစ်ကတတ်ဆန်း ပြဋ္ဌာန်းလာခြင်းမှာ တရားဥပဒေစိုးမိုးရေး၏ အနှစ်သာရကို သဘောပေါက်နားလည်မှု လွဲမှားခြင်းတို့ကြောင့်ဖြစ်ကြောင်း တွေ့ရှိရပါသည်။

၃။ ဤပြင်ဆင်သည့် ဥပဒေပုဒ်မ ၂ တွင် ယခင်ရှိပြီးသား “ဖွဲ့စည်းပုံ အခြေခံဥပဒေကို ထိန်းသိမ်းစောင့်ရှောက်ရေး” အစား “ဖွဲ့စည်းပုံအခြေခံဥပဒေကို လေးစားလိုက်နာရေး” ဖြင့် စကားလုံးပြောင်းလဲ အစားထိုးခြင်းသာဖြစ်သည်။ ခံဝန်ချက် လျှောက်လွှာတွင် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေကို စောင့်ထိန်းလိုက်နာမည်ဖြစ်ကြောင်း လက်မှတ်ထိုး ရမည်ဖြစ်ကြောင်း ပေါ်လွင်ထင်ရှားပါသည်။ တနည်းအားဖြင့် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေကို ဆန့်ကျင်ခဲ့သည့် နိုင်ငံရေးပါတီများ ၂၀၀၈ ဥပဒေကို လက်ခံလျှင် ကြားဖြတ်ရွေးကောက်ပွဲဝင်နိုင်သည်ဟု ပြောင်ပြောင်တင်းတင်း ဖိတ်ခေါ်လာခြင်း ဖြစ်သည်ကို သတိပြုကြရပါမည်။ နိုင်ငံရေးပါတီများ၏ နိုင်ငံရေးရပ်တည်ချက်ကို ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ၏ လက်အောက်ခံအဖြစ်ကျုံးသွင်းနေသည်။ ကြံ့ဖွံ့အစိုးရ၏ စီးပွားရေးဆိုင်ရာ နိုင်ငံတကာအကြပ်အတည်းကြီးမားလာခြင်းကို နိုင်ငံရေးပါတီများ တွေ့မြင်နေရပါသည်။ အနည်းစုအနိုင်ရပါတီများသည် လွှတ်တော်ထဲဝင်ပြီး မိမိဆန့်ကျင်သည့် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြုပြင်ပြောင်းလဲရန် ကျိုးစားရန် အခွင့်အရေးမှာလည်း တစုံတရာမရရှိနိုင်ပါ။

၄။ ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ– ၄၃၆ (က) ၌ ဤဖွဲ့စည်းပုံ အခြေခံဥပဒေ၏ အခန်း(၁) ပုဒ်မ ၁ မှ ၄၈ ထိ၊ အခန်း(၂)ပုဒ်မ–၄၉ မှ ၅၆ ထိ၊ အခန်း(၃) ပုဒ်မ ၅၉၊၆၀ ၊ အခန်း (၄) ပုဒ်မ ၇၄၊ ၁၀၉၊ ၁၄၁၊၁၆၁၊ အခန်း(၅) ပုဒ်မ ၂၀၀၊၂၀၁၊၂၄၈၊၂၇၆၊ အခန်း(၆) ပုဒ်မ ၂၉၃၊၂၉၄၊ ၃၀၅၊ ၃၁၄၊ ၃၂၀၊ အခန်း(၁၁) ပုဒ်မ ၄၁၀ မှ ၄၃၂ ထိ၊ အခန်း(၁၂) ပုဒ်မ ၄၃၆ တို့ရှိ ပြဋ္ဌာန်းချက်များကို ပြင်ဆင်လိုလျှင် ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်အားလုံး၏ ၇၅ ရာခိုင်နှုန်းကျော်က ပြင်ဆင်ရန် သဘောတူလက်ခံပြီးနောက် ပြည်လုံးကျွတ် ဆန္ဒခံယူပွဲကျင်းပ၍ ဆန္ဒပေးပိုင်ခွင့်ရှိသူအားလုံး၏ ထက်ဝက်ကျော် ဆန္ဒမဲဖြင့်သာ ပြင်ဆင်ရမည် ဟု ပြဋ္ဌာန်းထားပါသဖြင့် ပြင်ဆင်ရန် အလွန်ခက်ခဲသော ဖွဲ့စည်းပုံအခြေခံဥပဒေဖြစ်နေကြောင်းတွေ့ရှိရပါသည်။ ကြံ့ဖွံ့နှင့် စစ်တပ်က ၇၅ ရာခိုင်နှုန်းကျော် နေရာယူထား ၍ဖြစ်ပါသည်။ ထို့ကြောင့် လွှတ်တော်ထဲဝင်ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်ရန် မဖြစ်နိုင်ကြောင်း အထင်အရှားတွေ့ရှိရပါသည်။

၅။ သို့ဖြစ်ပါ၍ နဝတ၊ နအဖ စစ်အစိုးရ တဖြစ်လဲ ဦးသိန်းစိန် ကြံ့ဖွံ့အစိုးရ၏ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေကို ပြင်ဆင်သည့် ဥပဒေသည် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေကို ရေရှည်တည်တံ့နိုင်ရန်အတွက် ယာယီအပေါ်ယံ အလျှော့ပေးမှုတရပ်သာဖြစ်ခြင်းကြောင့် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံ ဥပဒေ ဆန့်ကျင်တိုက်ဖျက်ရေးလုပ်ငန်းစဉ်ကို မရပ်မနား ဆက်လက် လုပ်ဆောင်ရမည်ဖြစ်ကြောင်း သုံးသပ်ပါသည်။

ဥပဒေရေးရာ သုံးသပ်ရေးအဖွဲ့
မြန်မာနိုင်ငံရှေ့နေများကောင်စီ

ရက်စွဲ– ၂၀၁၁ ခုနှစ်၊ နိုဝင်ဘာလ (၂၂) ရက်။

**ဆက်သွယ်ရန်–**

ဦးမျိုး
(တာဝန်ခံ) ဥပဒေရေးရာ သုံးသပ်ရေးအဖွဲ့
ဖုန်း – ၀၈၆ ၂၁၆ ၀၁၀၈